## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

**(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။** ။ ဝဲဖုံကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်တွင်တည်ရှိပြီး ကျေးရွာ၏ အနောက်ဘက်နှင့်မြောက်ဘက်တွင် နမလင်ကျေးရွာနှင့်မြောက်ဘက်တွင် လယ်ကွင်းများနှင့် ဆောင်ကုန်းများ တည်ရှိပါသည်။ ကျွန်တော်တို့ကျေးရွာ၏ ဘေးပတ်လည်တွင် စိမ်းလန်းသော သစ်တောများနှင့် လယ်ကွင်းများ ချောင်းတို့တည်ရှိပြီး သာယာပျော်ရွှင်ဖွယ်ကောင်းပြီး နေချင်စဖွယ် ဖြစ်သော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။

**(ခ) သဘာဝအရင်းအမြစ်များ ။** ။ကျွန်တော်တို့ကျေးရွာတွင် သဲကျောက်၊ ဂျင်းတောင်များ ရှိပါသည်။ သတ္တုနှင့်ကျောက်ရွေများလည်း အနည်းငယ်ထွက်ရှိပါသည်။ ကျွန်တော်တို့ရွာအနီး တောင်များတွင် ဆေးဘက်ဝင်အပင်များ အနည်းငယ်ပေါက်ရောက်နေပါသည်။ သဘာဝတောတွင်း တိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ်တွေ့ရှိရပါသည်။ ကျွဲနွားတိရိစ္ဆာန်စားကျက်များလည်း ပေါများပါ သည်။

## (၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

**(က) လူဦးရေဆိုင်ရာအချက်လက်များ။** ။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပါသည်။ အိမ်ထောင်စု(၄၅)စုရှိပြီး လူဦးရေ စုစုပေါင်း(၂၁၇)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅–၆)ဦးရှိပါသည်။ ကျွန်တော်တို့ကျေးရွာ၏ လူဦးရေမှာ နို့စို့အရွယ်ကျား ၂ ဦး၊မ ၃ ဦး။ ၅နှစ်အောက် ကလေးငယ်မှာ ကျား ၉ဦး၊ မ ၉ ဦး၊ မူလတန်းကျောင်းသားအရွယ် ကျား ၁၃ ဦး၊ မ ၁၈ ဦး၊ အလယ်တန်းအရွယ် ကျား ၁၃ ဦး၊မ ၁၂ ဦး၊၁၅နှစ်မှ ၆၄နှစ် အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား ၆၇ ဦး၊ မ ၆၄ ဦး၊ ၆၅နှစ်နှင့်အထက် ကျား၃ ဦး၊ မ ၄ ဦး ရှိပါသည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။** ။ ကျွန်တော်တို့ကျေးရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပါသည်။ ကျွန်တော်တို့ရွာ၏ လယ်ယာစိုက်ပျိုး ရေးသည် မိုးရွာမှမိုးရေကို စိုက်ပျိုးရေအဖြစ် အသုံးပြုကြပြီး တစ်သီးစားလယ်ယာများဖြစ်ကြပါသည်။ မိုးရာသီမှလွဲ၍ နွေနှင့်ဆောင်းရာသီများတွင် အခြားသီးနှံများစိုက်ပျိုး၍ အဆင်မပြေပါ။ အိမ်ထောင်စု (၃၅)အိမ်သည် ကိုယ်ပိုင်လယ်ယာလုပ်ကိုင်သူများဖြစ်ကြသည်။ ကိုယ်ပိုင်လယ်ယာပိုင်ဆိုင်သူများ ကြသဖြင့် မိသားစုများမှာ ကိုယ်ပိုင်လယ်များကိုလုပ်ကိုင်နေကြရသဖြင့် အလုပ်သမားများလည်း ခေါ်ယူရာတွင်ခက်ခဲပြီး ကိုယ်ပိုင်သာလုပ်ကိုင်ကြပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးအတွက် လုပ်အားခမှာအမျိုးသားမှာ

